

ဝိနှငှကာရိုး
လက်ရွေးစင်အကောင်းဆုံးဟာသများ...

# (၁)

## မြန်မှ ဖြစ်မယ်

စားသောက်ဆိုင်တစ်ခုတွင် စားသုံးသူတစ်ဦးမှ ငါးကြော်တစ်ပွဲမှာ လိုက်ရာစားပွဲထိုးမှ ငါးကြော်ကို လာချပေးသဖြင့် စားသုံးသူမှ---

“ဟေ့--ဘွိုင်း၊မင်းငါးကြော်က မြန်လှချည်လားကွ၊ ထုံးစံအတိုင်းဆိုရင် ဆာဒါးဟင်းချိုက အရင်လာချရမယ်၊ပြီးတော့မှ ငါးကြော်လာရမယ်လေ” ဟုပြောလိုက်သဖြင့် စားပွဲထိုးက ပြန်ပြောလိုက်သည်မှာ ကား-----

”ဆရာပြောတာမှန်ပါတယ်ခင်ဗျာ၊ဒါပေမဲ့ ဒီငါးကဒီထက်ကြာကြာမစောင့်နိုင်တော့ဘူးလို့ စားဖိုမှူး က ပြောလိုက်လို့ပါ” ဟူ၏။ ။

## ကြိုမြင်လို့ပါ

”ဟဲလို--မီးသတ်ဌာနကပါလား“

”ဟုတ်ပါတယ်၊ဘာလဲ--ခင်ဗျားတို့ဆီမှာ မီးလောင်နေလို့လား”

”ကျွန်တော် တို့တိုက်ကဆောက်ပြီးကာစ၊ ငွေတွေ သိန်းနဲ့ချီပြီးကုန်ထားတယ်၊ နောက်ပြီးသိပ်ခေတ် မီတယ်၊ လူနေခွင့် ကတော့ စည်ပင်သာယာမှာ တင်ထားဆဲပါ” ဟု ဆက်တိုက်ပြောနေသဖြင့် မီးသတ်ဌာနမှ လူက---

”အရေး ထဲဗျာ---ခင်ဗျားဖုန်းမှာ းနေပြီထင်တယ်၊ဒါ စည်ပင်သာယာဌာနမဟုတ်ဘူးဗျ” ဟုပြောလိုက် သဖြင့် ဖုနးဆက်နေသူက ပြန်ပြောလိုက်သည်မှာ ကား-----

”ကျွန်တော် တို့ တိုက်ဘေးကတဲကုပ်တွေ မီးလောင်နေလို့ ဖုန်းဆက်တာပါ၊ ခင်ဗျားတို့လာရင် ကျွန်တော် တို့ တိုက်ကိုခိုက်မှာ ကြောက်လို့ ကြိုသတိပေးတာပါဗျို့ . ” ဟူ၏။ ။

## မှန်ပါ့

သူငယ်ချင်းနှစ် ယောက် လမ်းမတစ်ခုၩ ဆုံတွေ့ကြစဉ် တစ်ယောက် က တစ်ယောက် ကို---

”ဟေ့ သူငယ်ချင်း၊ မင်းတို့ရုံးမှာ ဘာ ဖြစ်လို့ အိမ်ထောင်သည်ယောက်ျားတွေ မှ ရွေးပြီးခန့်ထားရ တာလဲ” ဟုမေးလိုက်ရာထိုသူက ပြန်လည်ဖြေကြားလိုက်သည်မှာ ကား-----

”ဘာ ဖြစ်လို့လဲဆိုတော့၊သူတို့ကအမိန့်နာခံဖို့ ကျင့်သားရနေပြီလေ”ဆို၏။ ။

## ပိုပိုလိုလို

မိတ်ဆွေနှစ် ဦးရထားစောင့်ရင်းစကားပြောနေကြသည်မှာ တစ်ဦးက---

”တကတည်းဗျာ၊ ရထားကဖြင့် အချိန်မမှန်ဘဲနဲ့ ရထားအချိန်စာရင်းများ ဆွဲထားတော့ ဘာထူးမှာ လဲဗျာနော်”ဟုပြောလိုက်ချိန်တွင်
ကျန်တစ်ဦးကပြန်လည်ဖြေကြားလိုက်သည်မှာ ကား-----

”ဟာဗျာ--ခင်ဗျားကလည်းရထားတွေ အချိန်မှန်နေမှဖြင့် ဘူတာမှာ ထိုင်ခုံတွေ ထားထားမလားဗျ” ဟူ၏။

## ကံကောင်းလို့

လမ်းမပေါ်တွင် စက်ဘီးတိုက်ခံရပြီး ပွန်းပဲ့ရုံသာ ဒါဏ်ရာရသွားသူတစ်ဦးကို မိတ်ဆွေ တစ် ယောက် က အားပေးစကားပြောနေသည်မှာ ---

”သူငယ်ချင်း---မင်းသိပ်ကံကောင်းတယ်၊ ငါသိသလောက်ဆို မင်းပွဲချင်းပြီး သေသွားနိုင်တာ နော်” ဟု ပြောလိုက်ရာ စက်ဘီးတိုက်ခံရသူက မကျေမနပ်ဖြင့် ---

”မင်းကလည်းမဟုတ်သေးပါဘူး၊ စက်ဘီးနဲ့တိုက်ရုံလေးနဲ့တော့

မသေနိုင်ပါဘူးကွာ” ဟု ပြောလိုက် ရာထိုသူက ပြန်လည်ပြောကြားလိုက်သည်မှာ ကား-----

”ဟကောင်ရ၊ မင်းကဘာသိလို့လဲ၊ မင်းကိုတိုက်တဲ့သူကဘတ်စ်ကားလိုင်းကဒရိုင်ဘာကွ၊ ဒီနေ့ နား ရက် ဖြစ်လို့ စက်ဘီးနင်းနေတာ၊ ဒါကြောင့် မင်းကံကောင်းတယ်လို့ ပြောတာပါကွ” ဟူ၏။ ။

## တွေ းထားပုံက

ဖခင် ဖြစ်သူက သား ဖြစ်သူကို ဆရာဝန်အလုပ်ဖြင့် အသက်မွေးမှုလုပ်ရန်ပြောရာသားကသူ တိရိစ္ဆာန် ဆေးကုဆရာဝန်ပဲ လုပ်လိုကြောင်းပြောနေသဖြင့် ဖခင် ဖြစ်သူက-

”ဟ--မင်းကလဲဘာ ဖြစ်လို့ တိရစ္ဆာန်တွေ ကိုမှ ဆေးကုပေးချင်ရတာ တုန်း”ဟု ပြောလိုက်ရာ သား ဖြစ် သူက ပြန်ပြောလိုက်သည်မှာ ကား-----

”တိရိစ္ဆာန်ဆေးကုဆရာဝန်ဆီလာတဲ့ ရောဂါ သည်တွေ ဟာဘယ်တော့မှ၊ ဘယ်သူကိုမှ အတိုင် အတောလုပ်ကြမှာ မဟုတ်ဘူးလေ ဖေဖေရဲ့”ဟူ၏ ။ ။